# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး

## စတုတ္ထနေ့ အစီအစဉ်

## [ ၁၅ - ၂ - ၂၀၁၂ ]

## ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်၏ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ချက်တင်ပြခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၆။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဦးဖေမြင့် ပေးပို့လှူဒါန်းသော စာအုပ်(၄၁)အုပ်ကို ဦးဖေမြင့် Corner အဖြစ် အမျိုးသားလွှတ်တော်စာကြည့်တိုက်တွင် တစ်စုတစ်စည်းတည်း ထားရှိဖတ်ရှုခွင့် ပေးထားမည်ဖြစ်ကြောင်းနှင့် အမျိုးသားလွှတ်တော်က မှတ်တမ်း တင်ထားမည်ဖြစ်ကြောင်း ကြေညာခြင်း။

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **လက်ရှိကာလအထိ ငြိမ်းချမ်းရေးကိစ္စများအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ဆက်သွယ်၊ တွေ့ဆုံ၊ ညှိနှိုင်းဆွေးနွေးမှု အခြေအနေများကို သိရှိလိုသည့်ကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပြီး ပျက်စီးသွားသည့် ပျိုးခင်းများ၊ စိုက်ခင်းများ၊ ကြဲခင်းများအတွက် လိုအပ်သည့် စပါးမျိုးများ ကြိုတင်စုဆောင်း၍ ဖြန့်ဝေပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **သာစည်မြို့နယ်ရှိ ညောင်ရမ်း - မင်းလှကန်၏ အမှတ်(၆)(မြောက်) ရေပေးမြောင်းအား ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **မျိုးစပ်ဆန် (Hybrid Rice) များ ထုတ်လုပ်မှုတွင် မျိုးစေ့(Hybrid Seed) ရရှိရေးအတွက် လယ်သမားများအား ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသက်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **မအူပင်၊ ညောင်တုန်းမြို့နယ်များမှ တောင်သူလယ်သမားများ လယ်ယာလုပ်ပိုင်ခွင့် အခွင့်အလမ်းများ အပြည့်အဝရရှိရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **တောင်သူလယ်သမားတို့၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် တစ်ဆက်တစ်စပ်တည်း လယ်ယာမြေများကို တိုးတက်ဖော်ထုတ်၍ စက်မှုလယ်ယာကဏ္ဍကို မြှင့်တင်ကူညီဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ပေါက်ကွဲလောင်ကျွမ်းစေတတ်သည့် ပျောက်အိုး၊ ယမ်း၊ မီးရှူးမီးပန်းများ သယ်ဆောင်ဖြန့်ဖြူးနေခြင်းကို ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **လုပ်ပိုင်ခွင့်ရှိ ဝန်ထမ်းများလာဘ်ပေးလာဘ်ယူမှုနှင့် မလျော်သြဇာကျင့်သုံးမှုများ ဆက်လက်ပြုကျင့်နေဆဲ ရှိနေပါသဖြင့် ထိုအပြုအမူများ ပျောက်ကွယ်သွားရန် ဆောင်ရွက်မည့်** အစီအစဉ် နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဈ ) ဦးမြအုန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ကို မူးယစ်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ရှေးဟောင်းပစ္စည်းများအတွက် ပြန်လည် ပြင်ဆင်ထိန်းသိမ်းစရိတ် အလုံအလောက် ချထားပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် **ညောင်ရွှေစော်ဘွားအဆက်ဆက်တို့၏ နန်းတွင်းသုံးပစ္စည်းများကို ပြန်လည်ပြသခွင့်ပြုပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

၈။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း။

၉။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ပြန်လည် ဆွေးနွေးခြင်း -

(က) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

( ခ ) ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

( ဂ ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

၁၁။ ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **နိုင်ငံတော်တစ်ဝန်းတွင် ယာဉ်မတော်တဆဖြစ်မှုများနှင့် ယာဉ်မတော်တဆမှုကြောင့် လူများထိခိုက် ဒဏ်ရာရ သေဆုံးရမှုများ အမှန်တကယ် လျော့နည်းကျဆင်းသွားစေရန်အတွက် သင့်တော်သည့် နှစ်ကာလတစ်ခုကို လျာထားသတ်မှတ်၍ မဖြစ်မနေ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၂။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၃။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း။

၁၄။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောထား ရယူခြင်း။

၁၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၆။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၈။ ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တိုင်းရင်းသားလူမျိုးများရေးရာဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ပဉ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။